# ၀၆

## သင် ရေမီးဖြတ်တောက်မှု ကြုံတွေ့ဖူးပါသလား။

သင့်အနေဖြင့် သင့်ကုမ္ပဏီမှ **ရေမီးဖြတ်တောက်မှု** အကြောင်းကြားစာအား လက်ခံရယူခဲ့သင့်ပါသည်။ ကျေးဇူးပြုပြီး ကုမ္ပဏီမှ ဆက်သွယ်မှု အသေးစိတ်များ အတွက် ဤအရာအား ညွှန်းဆိုပါ။




**သင့်ဝန်ဆောင်မှုအား ပြန်လည်ရရှိရန် ကျေးဇူးပြုပြီး**

- သင့်ကုမ္ပဏီအား ဆက်သွယ်ပါ။
- သင့် ဘောလ်ကျသင့်ငွေများ ပေးဆောင်ရန် အကူညီ တောင်းဆိုပါ။
- သင့်ဝန်ဆောင်မှုအား မည်သည့်အချိန်တွင် ပြန်လည်ရရှိနိုင်မည်ကို မေးမြန်းပါ။

**စွမ်းအင်နှင့် ရေ မကျေနပ်ချက်ဆိုင်ရာ စိစစ်မှုတာဝန်ရှိပုဂ္ဂိုလ် (ဗစ်တိုးရီးယား) (Energy and Water Ombudsman -Victoria)** အား ၁၈၀၀ ၅၀၀ ၅၀၉ သို့ခေါ်ဆိုပြီး ကျွန်ုပ်တို့မှ သင့်အား ပြန်လည်ဆက်သွယ်မှုရရှိစေရန် ကူညီပေးပါမည်။

# ၀၇

## မားကတ်တင်း ဈေးကွက်ဆင်းခြင်း

အရောင်းပုဂ္ဂိုလ်များသည် သင့်တံခါးလာခေါက်ပြီး သို့မဟုတ် သင့်အား ခေါ်ဆိုပြီး ကုမ္ပဏီများ ပြောင်းလဲရန် ပြောဆိုပါလိမ့်မည်။

**သင့်အနေဖြင့် ဤအရောင်းပုဂ္ဂိုလ်များထံ စကားပြောလိုခြင်း မရှိပါက**

- "ကျွန်ုပ် စိတ်မဝင်စားပါ။ ကျေးဇူးတင်ပါတယ်" ဟု ပြောပါ။
- အရောင်းပုဂ္ဂိုလ်အား ထွက်သွားရန် တောင်းဆိုပါ။




**သင့်အနေဖြင့် တံခါးတစ်ခုမှတစ်ခုသို့ကူးပြောင်းပြီး ဈေးကွက်ဆင်းရောင်း နေသည့် အရောင်းပုဂ္ဂိုလ်အား စကားမပြောဆိုမီ မှတ်ပုံတင်ကဒ်ပြား (ID) တောင်းကြည့် သင့်ပါသည်။**

သင်စာချုပ်အား လက်မှတ်ရေးထိုးပြီးနောက်မှ စိတ်ကူး ပြောင်းသွားပါက စာချုပ်အားဖျက်သိမ်းရန် ကုမ္ပဏီထံ ဆက်သွယ်ရန် **အလုပ်ချိန်ရက်ပေါင်း ၁၀ရက်** အချိန်ရရှိပါသည်။

အရောင်းပုဂ္ဂိုလ်များသည် သင့်ထံ ဖုန်းအားဖြင့်လည်း ဆက်သွယ်ကောင်း ဆက်သွယ်နိုင်ပါသည်။ သင့်အနေဖြင့် ထိုအရောင်းပုဂ္ဂိုလ်များ သင့်ထံ ဆက်သွယ်ခြင်းကို အလိုမရှိပါက "မခေါ်ဆိုရန်မှတ်ပုံတင်သွင်းမှု" **(Do Not Call Register)၊ ၁၃၀၀ ၇၉၂ ၉၅၈ သို့ ကျေးဇူးပြုပြီး ခေါ်ဆိုပါ။**

# ၀၈

## ရွှေ့ပြောင်းလိုပါသလား။




သင်ရွှေ့ပြောင်းချိန်တွင် နောက်ဆုံးကုန်ကျစရိတ်ဘီလ်များ မေးမြန်းတောင်း ဆိုရန် သင့်ကုမ္ပဏီအား ခေါ်ရန်လိုအပ်ပါသည်။ သင့်လိပ်စာအသစ်အား ကုမ္ပဏီထံ ပြောပြပါ။

## EWOV အားဆက်သွယ်ပါ

မှတ်ထားရမည်မှာ ကျွန်ုပ်တို့ထံမဆက်သွယ်မီ သင့်အနေဖြင့် သင်၏ လျှပ်စစ်၊ ဂတ်စ်ဓာတ်ငွေ့ သို့မဟုတ် ရေ ကုမ္ပဏီဖြင့် ကိစ္စရပ်များ ပြေလည် ဖြေရှင်းရန် ကြိုးစားရန်လိုအပ်ပါသည်။ သင့်အနေဖြင့် မည်သည့်ကုမ္ပဏီထံ ဆက်သွယ်ရမည်ကို သေသေချာချာ မသိရှိပါက သင့်ဘီလ်ကုန်ကျစရိတ် စာရွက်မှ စစ်ဆေးနိုင်ပါသည်။

ကျွန်ုပ်တို့အားခေါ်ဆိုရန် - **၁၈၀၀ ၅၀၀ ၅၀၉ (အခမဲ့ခေါ်ဆိုမှု)** တန်လာနေ့မှ သောကြာနေ့အထိ မနက် ၈ း ၃၀ မှ ညနေ ၅ နာရီ အကြားတွင်ဖြစ်သည်။

**အွန်လိုင်း ကြည့်ရှုရန်** - www.ewov.com.au
**အီးမေးလ် ဆက်သွယ်ရန်** - ewovinfo@ewov.com.au
**စာရေးသားဆက်သွယ်ရန်** - ပြန်လည်ပေးဆပ်ခြင်း (Reply Paid) 469 Melbourne VIC 8060 (မျက်မမြင်စာများလက်ခံပါသည်)
**ဖက်စ်ပေးပို့ရန်** - ၁၈၀၀ ၅၀၀ ၅၄၉ (အခမဲ့ဖက်စ်)

**စကားပြန်ဝန်ဆောင်မှု** - ၁၃၁ ၄၅၀

**အကြားအာရုံနှင့် စကားပြောဆိုနိုင်စွမ်း ချို့တဲ့နေသူများအနေဖြင့် အမျိုးသား ထပ်ဆင့်ထုတ်လွှင့်ခြင်းဝန်ဆောင်မှု သို့ ဆက်သွယ်နိုင် ပါသည်။**
**အွန်လိုင်းကြည့်ရှုရန်** - www.relayservice.gov.au

**စကားပြောနှင့် စာဖတ်ခြင်း**
သင့်အနေဖြင့် စကားပြောဆိုနိုင်သော်ငြား ဖုန်းခေါ်ဆိုမှုအား ကြားနိုင်စွမ်း မရှိပါက ၁၃၃ ၆၇၇ သို့မဟုတ် ၁၈၀၀ ၅၅၅ ၆၇၇ (အခမဲ့ခေါ်ဆိုမှု) သို့ ခေါ်ဆိုနိုင်ပါသည်။

**စာရိုက်မှုနှင့် နားထောင်မှု**
သင့်အနေဖြင့် ကြားနိုင်သော်လည်း စကားမပြောတတ်ပါက ၁၃၃ ၆၇၇ သို့မဟုတ် ၁၈၀၀ ၅၅၅ ၆၇၇ (အခမဲ့ခေါ်ဆိုမှု) သို့ ခေါ်ဆိုနိုင်ပါသည်။

**စကားပြောဆိုမှု နှင့် နားထောင်မှု**
သင့်အနေဖြင့် ဖုန်းဖြင့်ခေါ်ဆိုမှုအား နားလည်နိုင်ရန် ခက်ခဲပါက ၁၃၀၀ ၅၅၅ ၇၂၇ သို့မဟုတ် ၁၈၀၀ ၅၅၅ ၆၇၇ (အခမဲ့ခေါ်ဆိုမှု) သို့ ခေါ်ဆိုနိုင်ပါသည်။



# စွမ်းအင်နှင့်ရေ နှင့်ပတ်သက်ပြီးသင့်အား အကူညီပေးခြင်း

**စွမ်းအင်နှင့် ရေ မကျေနပ်ချက်ဆိုင်ရာ စိစစ်မှုတာဝန်ရှိပုဂ္ဂိုလ် (ဗစ်တိုးရီးယား) (EWOV) မှ**
သင့်အား လျှပ်စစ်၊ ဂတ်စ်ဓာတ်ငွေ့ (LPG အပါအဝင်) နှင့် ရေ ကုမ္ပဏီ မကျေနပ်ချက်များ ဖြေရှင်းရာတွင် အကူညီပေးပါလိမ့်မည်။

**ကျွန်ုပ်တို့၏ ဝန်ဆောင်မှုသည် အခမဲ့ဖြစ်ပါသည်၊** သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အား **၁၈၀၀ ၅၀၀ ၅၀၉** (အခမဲ့ခေါ်ဆိုမှု) သို့ ခေါ်ဆိုနိုင် သကဲ့သို့ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် **www.ewov.com.au**
သို့လည်း လည်ပတ်ကြည့်ရှုနိုင်ပါသည်။ စကားပြန်ဆိုမှုဝန်ဆောင်မှုအတွက် **၁၃၁ ၄၅၀** သို့ ခေါ်ဆိုနိုင်ပါသည်။

Burmese

ENERGY AND WATER OMBUDSMAN
Victoria Listen Assist Resolve

## ၀၁

## ဝင်ရောက်ပြောင်းရွှေ့လာပါသလား။

လျှပ်စစ်၊ ဂက်စ်ဓာတ်ငွေ့ နှင့် ရေသည် အခမဲ့ မဟုတ်ပေ။ သင်၏ လျှပ်စစ်၊ ဂက်စ်ဓာတ်ငွေ့ နှင့် ရေ အကောင့်စာရင်းများအား စတင်ရန် လိုအပ်ပါသည်။

**ဤ အဆင့်များအတိုင်း လိုက်နာပါ။**

- လျှပ်စစ်၊ ဂက်စ်ဓာတ်ငွေ့ နှင့် ရေ ကုမ္ပဏီ ထံ **ခေါ်**ဆိုပါ။
- ထို့နောက် ၎င်းတို့ထံသို့ ဝန်ဆောင်မှုချိတ်ဆက် ဆက်သွယ်လိုကြောင်း **ပြော**ပြပါ။
- သင့်နာမည် နှင့် လိပ်စာအား **ဖော်ပြ**ပြီး စာလုံး**ပေါင်း**ပြပါ။
- သင့်တွင် ခွင့်ပြုချက်ကဒ်ပြား ရှိပါက သင်ပေးလိုက်သည့် နာမည်သည် ထိုကဒ်ပြားပေါ်မှနာမည်ဖြင့် ထပ်တူညီနေစေရန် သေချာအောင်ဆောင်ရွက်ပါ။




## ၀၂

## သင့် ကုမ္ပဏီများ ရွေးချယ်ခြင်း

E G LPG

**သင့်စွမ်းအင်ကုမ္ပဏီအား သင်ရွေးချယ်ပါသည်။** ၁၃ ၆၁ ၈၆ ပေါ်ရှိ **Victorian Energy Compare** သို့မဟုတ် **compare.switchon.vic.gov.au** သို့ ဆက်သွယ်ခြင်းဖြင့် နှိုင်းယှဉ်နိုင်ပါသည်။

W

**သင့် ရေကုမ္ပဏီကိုမူ ရွေးချယ်၍မရနိုင်ပေ။** သင့်ဧရိယာတွင် မည်သည့် ရေကုမ္ပဏီ၏ ဝန်ဆောင်မှုများရရှိနိုင်သည်ကို ရှာဖွေရန် ကျေးဇူးပြုပြီး သင့် ဒေသခံကောင်စီ၊ အခြေချပြီးဖြစ်သောအလုပ်သမား သို့မဟုတ် အိမ်နီးချင်းနှင့် တိုင်ပင်ပြောဆိုကြည့်ပါ။ သို့မဟုတ် **www.water.vic.gov.au** သို့ ဝင်ရောက် ကြည့်ရှုပါ။

## ၀၃

## ငွေချွေတာခြင်း

သင့်အနေဖြင့် လျှပ်စစ်၊ ဂက်စ်ဓာတ်ငွေ့ နှင့် ရေ အသုံးပြုမှု များလေလေ၊ ကုန်ကျစရိတ် ပိုမိုပေးဆောင်ရလေလေဖြစ်သည်။ သင့်အိမ်တွင် စွမ်းအင် အသုံးပြုမှု အလွန်များသောပစ္စည်းကိရိယာအချို့ရှိပါသည်။

= $

အပူပေးစက်၊ အအေးပေးစက် နှင့် အဝတ်အခြောက်ခံစက်များအား အသုံးပြု ရာတွင် အထူးသတိပြုပါ။ ရေပိုက်ခေါင်းများအား ပိတ်ရန် သတိရပါ။

## ၀၄

## ဘီလ်ကုန်ကျစရိတ်များ ပေးဆောင်ခြင်း

သင်အသုံးပြုသည့် လျှပ်စစ်၊ ဂက်စ်ဓာတ်ငွေ့နှင့် ရေ အတွက် စရိတ်ပေးဆောင်ရန် လိုအပ်ပါသည်။ သင့်အနေဖြင့် ဘေလ်ကုန်ကျစရိတ်များ ပေးဆောင်ခြင်းမရှိပါက သင့်စွမ်းအင် အသုံးပြုမှုများအား ဖြတ်တောက်ခြင်း သို့မဟုတ် ရေအသုံးပြုမှု ကန့်သတ်ခြင်းများ ပြုလုပ်ပေမည်။

သင့်ဘီလ်ကုန်ကျစရိတ်များအား

AUSTRALIA POST

- ဩစတြေးလျ စာတိုက်ရုံးခန်း တွင်သော်လည်းကောင်း။

centrelink

- ပမာဏအနည်းငယ်ကို သင်၏ **Centrelink** ပေးခြေမှုမှတစ်ဆင့် သော်လည်းကောင်း။ **Centrepay** အသုံးပြုခြင်းတွင် မည်သို့ ပေးခြေ နိုင်သည်ကို **Centrelink**သို့မေးမြန်းပါ။.

$

- ကြိုတင်ပေးချေမှု သို့မဟုတ် အကြွေးကဒ်များအသုံးပြုခြင်းဖြင့် ဖုန်းမှ တစ်ဆင့်။

$

- အွန်လိုင်းဘဏ်လုပ်ငန်းမှ တစ်ဆင့်။

## ၀၅

## ပေးချေရန် အချိန်ပိုလိုအပ်ပါသလား။

သင့်ကုမ္ပဏီမှ ပေးပို့မည့် ဘေလ်အမျိုးအစား သုံးမျိုးရှိပါသည်။

- ပထမဆုံး ဘီလ်
- သတိပေး အကြောင်းကြားစာ
- အဆက်သွယ်ဖြတ်တောက်မှု အကြောင်းကြားစာ

ဘီလ်ပေးဆောင်ရန် သင့်အနေဖြင့် အချိန်ပို လိုအပ်ပါက ကျေးဇူးပြုပြီး သင့် ကုမ္ပဏီသို့ ဆက်သွယ်ပါ။ သင့်ကုမ္ပဏီမှ ငွေပေးချေမှု အစီစဉ်အား သင့်ထံ ကမ်းလှမ်းပါလိမ့်မည်။ ဤသို့အားဖြင့် သင်သည် ငွေပမာဏ အနည်းငယ်ဖြင့် အကြိမ်များများငွေသွင်းမှုအား ပြုလုပ်နိုင်ပါလိမ့်မည်။

**သင့်ကုမ္ပဏီမှ အောက်ပါတို့ကဲ့သို့သော အခြားအကူညီများ အားလည်း ရယူနိုင်ပါသည်။**

ခွင့်ပြုချက်ကဒ်ပြားသည် သင့်ဘေလ်ကုန်ကျစရိတ်အား စျေးလျှော့ချ ပေးနိုင်ပါသည်။

- အသုံးပြုမှုသက်သာစေသည့်ဂရန့်ကဲ့သို့သောအစိုးရ ထောက်ပံ့မှု
- အခမဲ့ ငွေကြေးဆိုင်ရာ တိုင်ပင်ဆွေးနွေးပေးမှု
- အခမဲ့စွမ်းအင်ချွေတာမှုအကြံပေး သို့မဟုတ် အိမ်တိုင်ရာရောက် လည်ပတ်ဆွေးနွေးမှု

သင့်အနေဖြင့် အကူညီလိုအပ်ပါက **စွမ်းအင်နှင့် ရေ မကျေနပ်ချက်ဆိုင်ရာ စိစစ်မှုတာဝန်ရှိပုဂ္ဂိုလ် (ဗစ်တိုးရီးယား)၊ (Energy and Water Ombudsman (Victoria))** ၁၈၀၀ ၅၀၀ ၅၀၉ သို့ခေါ်ဆိုနိုင်ပါသည်။